# <u>တမန်တော်နှင့်ဆိုင်သော အမှုတော်လုပ်ငန်း၏ ပုံစံကားချက်</u>

**တမန်၁၃း၁ “အန္တိအုတ်မြို့တွင်ရှိသော အသင်းတော်၌ ပရောဖက်ပြုသူ၊ ဆရာပြုသူ ရှိကြ၏…”။**

- ဤပရောဖက်များနှင့် ဆရာတို့ကြားထဲတွင် ဗာနဗနှင့် ရှောလု /ပေါလုတို့လည်း ရှိကြသည်။ အန္တိအုတ်အသင်းတော်ရှိ ခေါင်းဆောင်အဖွဲ့များထဲတွင် ပါဝင်ကြသည်။

***အငယ်၂ "ထိုသူတို့သည် သခင်ဘုရားဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ်၊ သန့်ရှင်းသော ဝိညာဉ်တော်က၊ ငါခန့်ထားသော အမှုကို ဆောင်ရွက်ခြင်းငှါ၊ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခွဲထားကြလော့ ဟု မိန့်တော်မူသည်”။***

- ခေါင်းဆောင်အဖွဲ့တို့သည် ဘုရားသခင်အား အစာရှောင်ဆုတောင်းခြင်းဖြင့် အစေခံနေသည့်အချိန် သန့်ရှင်းသော ဝိညာဉ်တော်က စကားပြောခဲ့သည်။

**ငယ်၃-၄က “အစာရှောင်၍ ပဌနာပြုလျှက်၊ ထိုသူတို့ခေါင်းပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏။ ထိုသို့ သန့်ရှင်းသော ဝိညာဉ်တော် စေလွှတ်တော်မူသောအားဖြင့်…..”**

- ဗာနဗနှင့် ရှင်ပေါလုတို့သည် ခေါ်ဖိတ်ခြင်းခံရ၍ ရွေးချယ်ခြင်းခံရကာ၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် အန္တိအုတ်အသင်းတော်က တမန်တော်နှင့်ဆိုင်သော သာသနာလုပ်ငန်း လုပ်ဆောင်ရန် စေလွှတ်ခြင်း ခံခဲ့ရသည်။

**တမန် ၁၄း၁၄ “တမန်တော် ဗာနဗနှင့် ပေါလုတို့သည်….”**။ ပေါလုနှင့် ဗာနဗတို့သည် တမန်တော်ဟု ခေါ်ဝေါ်သမုတ်ခြင်း ခံခဲ့ရသည်။ သူတို့၏ အမှုတော် လုပ်ငန်းကို ဆရာ(ပေါလု)နှင့် ပရောဖက်(ဗာနဗ)ဟူ၍ တမန်တော်၏ အမှု တော်လုပ်ငန်းဟု ပြောင်းလဲခေါ်ဆိုခဲသည်။

**တမန် ၁၄း၂၁-၂၇**တွင် ရှင်ပေါလုနှင့် ဗာနဗတို့သည် သူတို့၏ တမန်တော်နှင့်ဆိုင်သော သာသနာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ကြသည်။ ဤကျမ်းပိုဒ်များကို ကျွန်တော်တို့ ကြည့်ခြင်းအားဖြင့် တမန်တော်နှင့်ဆိုင်သော သာသနာလုပ်ငန်း ဆောင်ရွက်ချက်များ၏ ပုံစံကားချက်ကို ကျွန်တော်တို့ ရရှိနိုင်သည်။

## ၁။ <u>ဧဝံဂေလိတရားဟောပြောဝေငှခဲ့သည်</u>

**တမန် ၁၄း၂၁ “ထိုမြို့၌ ဧဝံဂေလိတရားကို ဟောပြော၍…”။**

ယေရှုက **“လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ် ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည် ဖြစ်လတ့်”(မာသဲ ၂၄း၁၄)**

**မာကု၁၆း၁၅တွင် တမန်တော်တို့ကို ယေရှုက “သင်တို့သည် လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့ သွား၍၊ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့”** ဟုပြောခဲ့သည်။

- ဧဝံဂေလိသတင်းကောင်းသည် ဘုရားသခင်၏ နိုင်ငံတော်နှင့် စပ်ဆိုင်သော သတင်းကောင်းဖြစ်၍ ကမ္ဘာ့နိုင်ငံ အရပ်ရပ်သို့ ဟော ပြောရမည်။

## ၂။ <u>တပည့်တော်များ ဖြစ်စေခဲ့သည်</u>

**တမန်၁၄း၂၁ “…လူများတို့ကို တပည့်တော်ဖြစ်စေပြီးမှ…”။**

**မာသဲ၂၈း၁၉-၂၀**တွင် တပည့်တော်များထံသို့ ယေရှုက **“သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက်၊…. ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒ ပေးကြလော့”** ဟုပြောခဲ့ သည်။

တပည့်တော်ဆိုသည်မှာ သွန်သင်ပေးခြင်းကို ခံရသောသူနှင့် နူတ်က ပတ်တော်ကို ဆက်လက်လေ့လာသူဖြစ်သည်။ **“ယေရှုက၊ သင်တို့သည် ငါ၏ ဒေသနာ၌တည်လျှင် ငါ့တပည့် အမှန်ဖြစ်ကြ၏”(ယောဟန်၈း၃၁)။**

- ဟောပြောခဲ့သော ဧဝံဂေလိတရားကို ယုံကြည်သောသူသည် ရေဗတ္တိဇံခံရန် လိုအပ်၍၊ နူတ်ကပတ်တော်၌ တပည့်တော်ဖြစ်စေရမည်။ တမန်တော်တို့သည် နေရာတိုင်း၌ တပည့်တော်ဖြစ်စေခြင်းအားဖြင့် ယေရှုကို နာခံခဲ့ကြသည်။

## ၃။ <u>လှည့်လည်သွားလာခြင်း အမှုတော်လုပ်ငန်း</u>

**တမန်၁၄း၂၁ “…လုတ္တရမြို့၊ ဣကောနိမြို့၊ အန္တိအုတ်မြို့တို့ကို အစဉ်အတိုင်း လှည့်လည်၍ ပြန်ကြ၏”။**

ပေါလုနှင့်ဗာနဗတို့သည် လှည့်လည်ခြင်း အမှုတော်လုပ်ငန်း ပြုကြသည်။ သူတို့သည် ၎င်းနေရာဒေသ အသီးသီးသို့ ခရီးပြုကြ၍၊ ထိုဒေသအသီးသီးသို့ ပြန်သွား၍ ညီအစ်ကိုတို့ကို ဆက်လက်ပြုစု ပျိုးထောင်ပေးခဲ့ကြသည်။

**“သခင်ယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ လူမျိုးအပေါင်းတို့ သည် ယုံကြည်နားထောင်စေခြင်းငှါ၊ ထိုသခင် ၌ ကျေးဇူးတော်နှင့် တမာန်တော်အရာကို ငါတို့သည် ခံရကြပြီ။ ထိုသခင် ခေါ်ထားတော်မူသော သင်တို့သည်လည်း ထိုလူမျိုးတို့၌ အပါအဝင်ဖြစ်ကြ၏” (ရောမ ၁း၅)။**

- တမန်တော်များ၏ အမှုတော်လုပ်ငန်း သို့မဟုတ် တမန်တော်နှင့်ဆိုင်သော အမှုတော်လုပ်ငန်းသည် ဧဝံဂေလိ ဟောပြောဝေငှခဲ့သော နေရာဒေသ အသီးသီးသို့ ပြန်လည်သွားရောက်ခြင်း ပြုရမည်။ ထိုမှသာ အသင်းတော်သည် မှန်ကန်သော အခြေခံအုတ်မြစ်ဖြင့် တည်ဆောက်ခြင်း ခံရမည်ဖြစ်သည်။

## ၄။ <u>တပည့်တော်များကို စိတ်ပိုင်းဆိုင်ရာ ခွန်အားပေးခြင်း</u>

**တမန်၁၄း၂၂ “တပည်တော်များ၏ စိတ်နှလုံးကို မြဲမံခိုင်ခံ့စေ သဖြင့်”။**

“အားဖြည့်ပေးခြင်း” (strengthen) ဟူသော စကားလုံးကို King James Bible က “အတည်ပြုခြင်း”ဟု ဘာသာပြန်ထားသည်။ အဓိပ္ပာယ်မှာ တစ်စုံတစ်ခုပေါ်တွင် မှီခိုခြင်းနှင့် ထောက်ပံ့ပေးခြင်းအားဖြင့် ခွန်အားဖြည့်ပေးခြင်းဖြစ်သည်။

တပည့်တော်တို့သည် စိတ်နှလုံးကို နူတ်ကပတ်တော်အားဖြင့် ခွန်အားဖြည့်ပေးနိုင်သည်။ **“ယုဒနှင့် သိလတို့သည် ပရောဖက်ဖြစ်သောကြောင့် များစွာသော စကားနှင့် ညီအစ်ကိုတို့ကို ဆုံးမ၍ မြဲမြံခိုင်ခံ့စေကြ၏”(တမန် ၁၅း၃၂)။**

- နေရာဒေသအသီးသီး၌ ရှိကြသော ညီအစ်ကိုများကို ခွန်အားဖြည့်ပေးခြင်းအားဖြင့် ကူညီထောက်ပံ့ကြ၍၊ တမန်တော်အဖွဲ့တို့၏ နူတ်ကပတ်တော် ခွန်အားပေး ခြင်းအားဖြင့် ပြန်လည်ခွန်အားဖြည်ကြသည်။

## ၅။ ယုံကြည်ခြင်း၌ ဆက်လက်ရှင်သန်ရန် တိုက်တွန်းနှိုးဆော်ပေးခြင်း

**တမန်၁၄း၂၂ "(တပည့်တော်တို့သည်) ယုံကြည်ခြင်း၌ တည်ကြည်မည် အကြောင်း နှိုးဆော်ချီးပင့်၍"**။

"နှိုးဆော်သည်" ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ "ပိုမိုနီးကပ်အောင် ဖိတ်ခေါ်ခြင်း၊ ဖိတ်ကြားခြင်း သို့မဟုတ် ဖော်ဆောင်ခြင်းဟု အဓိပ္ပာယ်ရသည်"။ ၎င်းမှာ လူပုဂ္ဂိုလ်တစ်ဦးအား မည်သည့် ဖိတ်ခေါ်ခြင်းမဆို ဆိုလို၍ ထူးခြားသော စွမ်းဆောင်မှုကို ဖော်ဆောင်ရန်ဖြစ်သည်။

တမန်တော်များသည် တပည့်တော်များအား ယုံကြည်ခြင်း၌ ဆက်လက်တည်နေစေရန် ခေါ်ဖိတ်ခြင်းဖြစ်သည်။ **"ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏(ရောမ ၁၀း၁၇)"**။

ရှင်ယုဒသည်လည်း ညီအစ်ကိုများကို ယုံကြည်ခြင်း၌ တည်နေစေရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ **"...သန့်ရှင်းသူတို့၌ အထက်က အပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားလက်မှာ သင်တို့သည် ကြိုးစား၍ တိုက်လှန်စေခြင်းငှါ၊ နှိုးဆော်သွေးဆောင်၍ ရေးလိုက်ရသော အကြောင်းရှိ၏ (ရှင်ယုဒ ၃)"**။

- ယုံကြည်ခြင်းသည် ဘုရားသခင်၏ စကားတော်ကြားနာခြင်းအားဖြင့် လာသည်ဖြစ်၍ တပည့်တော်များသည် သူ၏ နှုတ်ကပတ်တရား ၌ ဆက်လက်ရှင်သန်ရန် ခေါ်ဖိတ်ထားသောကြောင့် **"အထူးထူး အပြားပြားသော အယူဝါဒသစ်ကို"(ဟေဗြဲ ၁၃း၉)** မလိုက်ရန်လို အပ်သည်။

## ၆။ ခက်ခဲသောကာလ၌ ခံနိုင်ရည်ရှိရန် သတိပေးရမည်။

**တမန်၁၄း၂၂ "ငါတို့သည်များစွာသော ဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရကြမည်"**။

၎င်းသည် သတိပေးနေခြင်းဖြစ်သည်။ ခက်ခဲမှုသည် နိုင်ငံတော်သို့ ဝင်ရမည့် တခါးဝဖြစ်သည်။

ယေရှုက **"သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်နိုင်ပြီဟု မိန့်တော်မူ၏"(ယောဟန် ၁၆း၃၃)**။

သက်သောလောနိတ်ထံသို့ ရှင်ပေါလု ပြောခဲ့သည်မှာ- **"သင်တို့သည် ညှဉ်းဆဲခြင်း၊ ဒုက္ခဆင်းရဲခြင်းကို ခံရသမျှတို့၌ သည်းခံ၍ ယုံကြည်ခြင်းရှိသည်ကို ငါတို့သည် ထောက်၍၊ ဘုရားသခင်၏ အသင်းတော်များတွင် သင်တို့ကြောင့် ဝါကြွားကြ၏"(၂သက် ၁း၄)**။

- တမန်တော်များ၏ သတင်းစကားမှာ ညီအစ်ကိုများ ဆင်းရဲဒုက္ခ ရောက်သည်ကာလ၌ ခံနိုင်ရည်ရှိရန်နှင့် သတိပေး နှိုးဆော်တိုက်တွန်းရန်ဖြစ်သည်။ **"အကြင်သူသည် အဆုံးထိတိုင်အောင် တည်ကြည်၏၊ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်" (မာကု ၁၃း၁၃)**။

## ၇။ သင်းအုပ်များအား ခန့်အပ်ခြင်း

**တမန်၁၄း၂၃"အသင်းတော်များတို့၌ သင်းအုပ်တို့ကို ခန့်ထား၍"**

တမန်တော်၏ အလုပ်မှာ အသင်းတော်ကို ရှောင့်ရောက်မည့် သင်းအုပ်များကို ခန့်ထားရန်ဖြစ်သည်။

**တိတု၁း၅တွင်** တိတုထံသို့ ရှင်ပေါလုပြောခဲ့သည်မှာ- **"ငါသည် သင့်ကို မှာထားခဲ့နှင့်သည့်အတိုင်း၊ ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍၊ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ၊ ထိုကျွန်း၌ သင့်ကို ငါထားခဲ့သတည်း"**။

ဖေက်အသင်းတော်တွင် သင်းအုပ်များအား တမန်တော် ရှင်ပေါလုက၊ **"အသင်းတော်ကို လုပ်ကျွေးပါ။ သိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှု လော့"(တမန် ၂၀း၂၈)**

- သင်းထောက်လူကြီးများသည် သင်းအုပ်ဆရာဖြစ်ကြ၍ သူတို့သည် ဒေသန္တရအသင်းတော်ကို ကြည့်ရှုစောင့်ရှောက်ရန် တမန်များက ခန့်ထားခဲ့သည်။

## ၈။ ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်း

**တမန် ၁၄း၂၃ "အစာရှောက်လျက် ဆုတောင်းပဌနာ ပြုပြီးလျှင်၊ သင်းဝင်သူတို့ ယုံကြည်သော ဘုရားသခင်၏ လက်တော်သို့ ထိုအသင်းတော်တို့ကို အပ်နှံကြ၏"**။

**တမန် ၁၃း၂-၃တွင်** ပေါလုနှင့် ဗာနဗတို့ကို ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းအားဖြင့် တမန်တော်လုပ်ငန်း ဆောင်ရွက်ရန် စေလွှတ်ခဲ့ကြောင်း ကျွန်တော်တို့ တွေ့နိုင်သည်။ **"အစာရှောင်၍ ပဌနာပြုလျက်၊ ထိုသူတို့ ခေါင်းပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏"(တမန် ၁၃း၃)**။

- အတူတကွ အစာရှောင်ဆုတောင်းခြင်းသည် ဘုရားသခင်၏ လမ်းပြ ပို့ဆောင်မှုနှင့် တမန်တော် အမှုတော်လုပ်ငန်းတွင် လမ်းညွှန်မှုရရှိ သည့် နည်းလမ်းဖြစ်သည်။ သင်းအုပ်ခန့်အပ်သည့် အချိန်ကာလ သည် အစာရှောင်ဆုတောင်းသည့် အချိန်၌ဖြစ်သည်။

## ၉။ အမှုတော်လုပ်ငန်းသည် ကျေးဇူးတော်၏ အလုပ်ဖြစ်သည်

**တမန်၁၄း၂၆ "မိမိတို့ ဆောင်ရွက်ခဲ့ပြီးသော အမှုအလို့ငှါ ဘုရားသခင်၏ ကျေးဇူးတော်သို့ အပ်နှံ၍ စေလွှတ်သော အန္တိအုတ်မြို့သို့ ရောက်လာကြ၏"**။

ရှင်ပေါလုနှင့် ဗာနဗတို့ကို စေလွှတ်သောအခါ၊ သူတို့လုပ်ငန်း ဆောင် ရွက်ရန် သူတို့အား ဘုရားသခင်၏ ကျေးဇူးတော်ထံသို့ အပ်နှံခဲ့သည်။

**ဖေက်၄း၇တွင် "ခရစ်တော်သည် ဆုပေးတော်မူသည့်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးသီး ကိုယ်စီခံရပြီ"**။ ဆုကျေးဇူးများကို ခရစ်တော်အားဖြင့် ပေးအပ်ခဲ့သည်မှာ ဆုကျေးဇူးတော်ဖြစ်ကြသည်။

- အမှုတော်လုပ်ငန်းအားလုံးသည် ကျေးဇူးတော်၏ အလုပ်ဖြစ်၍ တမန်တော်နှင့်ဆိုင်သော အမှုတော်ဆောင်သူများထံသို့ ကျေးဇူးတော်ကို ပေးအပ်ခဲ့သည်။

## ၁၀။ မူလနေရာသို့ ပြန်လာခြင်းနှင့် ပြန်လည်အစီရင်ခံခြင်း

**တမန်၁၄း၂၇ "ထိုမြို့သို့ ရောက်ပြီးလျှင် သင်းဝင်သူတို့ကို စုဝေးစေ၍၊ မိမိတို့အားဖြင့် ဘုရားသခင်သည် ပြုတော်မူသမျှတို့ကိုငှင်း၊ ယုံကြည်ခြင်းတံခါးကို တပါးအမျိုးသားတို့အား ဖွင့်တော်မူကြောင်းကိုငှင်း ပြန်ကြားကြ၏"**။

တမန်တော်တို့သည် မူလနေရာဖြစ်သော မိခင်အသင်းတော် အန္တိအုတ်မြို့မှ စေလွှတ်ခြင်းခံရသည်။ ထိုကျယ်ပြန့်သော ခရီးစဉ်မှ မိခင်အသင်း တော်သို့ ပြန်လာပြီးနောက် အစီရင်ခံတင်ပြရန် အသင်းတော်ရှိ လူအားလုံး ကို စုဝေးခဲ့သည်။

ဘုရားသခင် မည်ကဲ့သို့ ပြုသည်ကို သူတို့က **"ယုံကြည်ခြင်းတံခါးကို တပါးအမျိုးသားတို့အား ဖွင့်ပြတော်မူကြောင်းကို" အစီရင်ခံနိုင်ကြသည်(ငယ် ၂၇)**။

- စေလွှတ်ခြင်းခံရသော သူတို့သည် စေလွှတ်သောသူထံသို့ တာဝန် သိတတ်မှုဖြင့် ပြန်လည်အစီရင်ခံကြသည်။